# ၁၉၅၄ ခုနှစ်၊ လွယ်ကော်မြို့သစ်အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ ကယားပြည်နယ် အက်ဥပဒေအမှတ် ၁။]

ကယားပြည်နယ်တွင် လွယ်ကော်မြို့သစ်ဟု ခေါ်တွင်မည့်မြို့သစ်တခုကို စုပေါင်း၍ မနေရာသစ်တည်ရန် လိုအပ်သည်ဖြစ်၍၊ အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(က) ဤအက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ လွယ်ကော်မြို့သစ် အက်ဥပဒေဟုခေါ်တွင်ရမည်။

(ခ) ဤအက်ဥပဒေသည်၊ ကယားပြည်နယ် ဥက္ကဋ္ဌကကြေညာသတ်မှတ်သည့်နေ့တွင် စတင်အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေသည်၊ လွယ်ကော်မြို့သစ်အတွက်ရာထားသတ်မှတ်သည့် မြေဒေသနှင့် ကယားပြည်နယ်အစိုးရက ကြေညာချက်တွင် သတ်မှတ်ရမည့်ပတ်ဝန်းကျင်ဒေသများတွင် အာဏာသက်ရောက်ရမည်။

၃။ ။(က) ဤအက်ဥပဒေအရ ငှါးရမ်းချထားခြင်းမပြုရသေးသည့် မြေယာကွက်တို့ကို၊ ဂရမ်ဖြင့်ဖြစ်စေ၊ အငှါးစာချုပ်များဖြင့်ဖြစ်စေ ငှါးရမ်းချထားရန်ကိစ္စအတွက် ကယားပြည်နယ်ဥက္ကဋ္ဌသည် နည်းဥပဒေများပြုလုပ်နိုင်သည်။

(ခ) ပုဒ်မခွဲ (၁) အရပြုလုပ်သည့် နည်းဥပဒေများတွင် အောက်ပါကိစ္စတို့ကိုလည်း ထည့်သွင်းနိုင်သည်။

(၁) ငှါးရမ်းချထားသည့်မြေကွက်တွင် ရရှိနိုင်သည့်ခံစားခွင့်အကျိုးများနှင့် ၎င်းအကျိုးများကို ဆက်လက်ခံစားရာတွင် လိုက်နာရန် စည်းကမ်းချက်များ။

(၂) ဂရမ်နှင့်အငှါးစာချုပ်များထုတ်ပေးရာ လိုက်နာရန်နည်းလမ်းများ။

(၃) ပြည်သူလူထုနှင့်ပတ်သက်သည့်အဖွဲ့အစည်း၊ သို့မဟုတ် အသင်းအပင်းများ ထူထောင်တည်ရှိသမျှ ကာလအပိုင်းအခြားအတွင်း၊ သို့မဟုတ် ၎င်းအသင်းအပင်းများအတွက်၊ နှစ်ပိုင်းနှင့်ပိုင်းခြား၍ မြေခွန်တော်ကိုလုံးဝဖြစ်စေ၊ တစိတ်တဒေသဖြစ်စေ လွတ်ငြိမ်းခွင့်ပေးခြင်း။

(၄) ဂရမ်၊ သို့မဟုတ် အငှါးစာချုပ်ထုတ်ပေးရာ အစိုးရသို့ပေးသွင်းရန် ကျသင့်ကျထိုက်သည့်ကြေးငွေသတ်မှတ်ခြင်း၊ သို့မဟုတ် မြေငှါးချထားရာ သတ်မှတ်သည့် စည်းကမ်းချက်များကို ဖျက်ကွက်သည့်အတွက် အပြစ်ဒဏ်အဖြစ်ကျသင့်ကျထိုက်သည့် ကြေးငွေကိုသတ်မှတ်ခြင်း၊ ၎င်းပြင် မြေနှင့်ပတ်သက်၍ အစိုးရအားပေးရန်ရှိသောကြေးငွေကိုမြေငှါးထံမှဖြစ်စေ၊ သို့မဟုတ် ၎င်းတို့၏ လက်အောက်ဆက်ခံသည့်သူထံမှဖြစ်စေ ရယူရေး။

အဘိုး—၁၀ ပြား]

(ဂ) ဤပုဒ်မအရပြုလုပ်သောစည်းမျဉ်းတွင်၊ ချထားသောမြေကို စည်းကမ်းချက်များနှင့်အညီ၊ အသုံးမပြုသည့်အတွက် မြေမှနှင်ထုတ်ရန် အခွန်တော်အရာရှိအား၊ အာဏာအပ်နှင်းသည့် စည်းမျဉ်းလည်းထည့်သွင်းနိုင်သည်။

(ဃ) ဤအက်ဥပဒေအရ ငှါးရမ်းချထားသောမြေပေါ်တွင် ဤအက်ဥပဒေအရပေးအပ်ထားသော ခံစားခွင့်အကျိုးများမှအပ အခြားခံစားခွင့်အကျိုးများမရှိစေရ။

<u>အမိပ္ပါယ်ဖေါ်ပြချက်။</u> ။ဤအက်ဥပဒေတွင် "အခွန်တော်အရာရှိ" ဆိုသည်မှာ၊ Resident ခေါ် အရေးပိုင်ကိုဆိုလိုသည့်ပြင်၊ ကယားပြည်နယ်ဥက္ကဋ္ဌက ခန့်အပ်ခြင်းခံရလျှင် Assistant Resident သို့မဟုတ် ဝန်ထောက်လည်းပါဝင်သည်။

၄။ ။ဤအက်ဥပဒေအရငှါးရမ်းချထားသော မြေအတွက်၊ ကယားပြည်နယ်အစိုးရအား၊ သတ်မှတ်ထားသည့်နှုန်းထားနှင့် သတ်မှတ်ထားသည့် နည်းလမ်းအရ မြေခွန်တော်ပေးဆောင်ရမည်။

၅။ ။(က) ဤအက်ဥပဒေအရ ကိစ္စများကိုဆောင်ရွက်ရာ မြေခွန်တော်အရာရှိများလိုက်နာရန် နည်းဥပဒေများပြုလုပ်နိုင်သည့်ပြင်၊ ၎င်းအရာရှိအား၊တရားမရုံးတော်၏အာဏာများကိုလည်းအပ်နှင်းနိုင်သည်။

(ခ) မြေပေါ်မှနှင်ထုတ်နိုင်ရန်ဖြစ်စေ၊ မြေကိုလက်ရောက် အပ်နှင်းရန်ဖြစ်စေ ထိရောက်စွာဆောင်ရွက်နိုင်ခြင်းအကျိုးငှါ အခွန်တော်အရာရှိအား၊ လိုအပ်သည့်အာဏာများကို အပ်နှင်းနိုင်သည်။

၆။ ။(က) အခွန်တော်အရာရှိ တဦးသည်၊ ဤအက်ဥပဒေကိစ္စများကို ဆောင်ရွက်ရာတွင် မည်သူကိုမဆို မိမိရှိရာသို့လာရောက်ရန်ဆင့်ခေါ်နိုင်သည်။

(ခ) ဤကဲ့သို့ ဆင့်ခေါ်ခြင်းခံရသူသည်၊ မိမိကိုယ်တိုင် လာရောက်ရမည်၊ သို့မဟုတ် မိမိ၏ကိုယ်စားလှယ်ကိုဖြစ်စေ၊ မိမိ၏ကိုယ်စားရှေ့နေတဦးဦးကိုဖြစ်စေ ဆင့်ဆိုသည့်အချိန်တွင်စေလွှတ်ရမည်။

(ဂ) ဤကဲ့သို့ဆင့်ဆိုခြင်းခံရ၍ လာရောက်သောသူသည်၊အခွန်တော်အရာရှိရှေ့မှောက်တွင်၊ မှန်မှန်ကန်ကန်ပြောကြားမြေဆိုရမည်။ မိမိလက်တွင်းရှိစာရွက် စာတမ်းများကိုလည်း အခွန်တော်အရာရှိကတောင်းဆိုလျှင် ပျက်မကွက်ပေးအပ်ရမည်။

၇။ ။(က) အခွန်တော်အရာရှိတဦးက ထုတ်ဆင့်သောသမ္မာန်စာကို ၎င်းသမ္မာန်စာတွင် ရည်ညွှန်းသူထံပေးအပ်ရမည်။ ဤကဲ့သို့ပေးအပ်ခြင်းမပြုလုပ်နိုင်လျှင်၊ ရည်ညွှန်းသူ၏အသိအမှတ်ပြုထားသော ကိုယ်စားလှယ်ထံပေးအပ်ရမည်။ ဤကဲ့သို့မပြုလုပ်နိုင်လျှင်၊ ရည်ညွှန်းသူနှင့်အတူတူနေထိုင်သောယောကျ်ားလူကြီးတဦးဦးထံပေးအပ်ရမည်။ ဤကဲ့သို့မပြုလုပ်နိုင်လျှင် ရည်ညွှန်းသူ နေထိုင်သည့်ရပ်ကွက်မှ အရပ်လူကြီးထံပေးအပ်ရမည်။

(ခ) အထက်ပါနည်းတနည်းနည်းဖြင့် ပေးအပ်ခြင်းမပြုနိုင်လျှင် ထုတ်ဆင့်သောသမ္မာန်စာနှင့် ပတ်သက်သည့်မြေ၊ သို့မဟုတ် အဆောက်အဦတွင် ထင်ပေါ်သည့်နေရာ၌ သမ္မာန်စာကိုကပ်ထားခြင်းဖြင့်ပေးအပ်ရမည်။

(ဂ) သမ္မာန်စာထုတ်ဆင့်ရသော ကိစ္စနှင့်သက်ဆိုင်သောလူတို့သည်၊ များပြားလှသဖြင့် တဦးစီသမ္မာန်စာထုတ်ဆင့်ရန်မလိုဟု အခွန်တော်အရာရှိက ယူဆလျှင်၊

ငှင်းအရာရှိက သက်ဆိုင်ရာလူအများထည်းမှအချို့ကို သမ္မာန်စာထုတ်ဆင့်၍ ကျန်လူများအတွက် သက်ဆိုင်ရာဌေသတဝိုက်တွင် ခမောင်းခတ်ကြေညာခြင်းသည်၊ သမ္မာန်စာကို ပေးအပ်ခြင်းနှင့် တူညီသည်ဟုယူဆရမည်။

၈။ ။အခွန်တော်အရာရှိတဦးဦးက၊ ထုတ်ပြန်သော နို့တစ်စာ၊ သို့မဟုတ် အမိန့်ကို၊ သက်ဆိုင်သူသိရှိစေရန် သမ္မာန်စာပေးအပ်သည့် နည်းအတိုင်း ပေးအပ်ရမည်။

၉။ ။အခွန်တော်အရာရှိတဦးဦးက မူလပဌမချမှတ်သောအမိန့်၊ သို့မဟုတ် အယူခံမှုတွင် ချမှတ်သောအမိန့်ကို မကျေနပ်လျှင်၊ အောက်ပါအတိုင်း အယူခံဝင်ခွင့်ရှိသည်။

(၁) အရေးပိုင်ကချမှတ်သောအမိန့်နှင့်သက်ဆိုင်လျှင် ပြည်နယ်ဥက္ကဋ္ဌထံ အယူခံဝင်နိုင်သည်။

(၂) ဝန်ထောက်က ချမှတ်သောအမိန့်နှင့်သက်ဆိုင်လျှင် အရေးပိုင်ထံ အယူခံဝင်နိုင်သည်။

၁၀။ ။အရေးပိုင်ထံဝင်ရန် အယူခံလျှောက်လွှာသည်၊ ဝန်ထောက်၏အမိန့်ချမှာ်သည့်နေ့မှ ရက်ပေါင်း ခြောက်ဆယ်အတွင်းသာလျှင် တင်သွင်းခွင့်ရှိသည်။ ပြည်နယ်ဥက္ကဋ္ဌထံဝင်ရန်အယူခံလျှောက်လွှာသည်၊ အရေးပိုင်၏ အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်းကိုးဆယ်အတွင်းသာလျှင် တင်သွင်းခွင့်ရှိသည်။

ပ၊မ၊ဗ၊စ၊—အမှတ် ၂၈၊ တရားရေးဝန်ကြီးဌာန၊ ၁၈-၁၁-၅၄—၂,၀၀၀—၂။